သတင်းပို့တိုင်ကြားနိုင်သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာဖြစ်ရပ်များမှာ -----

- လူကုန်ကူးခံရခြင်း
- ဥပဒေနှင့်ရင်ဆိုင်နေရခြင်း
- လက်နက်ကိုင်ပဋိပက္ခကိစ္စတို့တွင် ပါဝင်လုပ်ဆောင်ရခြင်း(သို့မဟုတ်)စစ်သားစုဆောင်းခံခြင်း
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်း
- ကိုယ်ကာယပိုင်းဆိုင်ရာ မတော်မတရားပြုခံရခြင်း
- ကိုယ်ထိလက်ရောက်ကြမ်းတမ်းစွာ အကြမ်းဖက်ခံရခြင်း
- စိတ်ခံစားမှုပိုင်းဆိုင်ရာ မတော်မတရားပြုခံရခြင်း
- လျစ်လျူရှုခံရခြင်း
- အိမ်တွင်းအကြမ်းဖက်မှုခံရခြင်း
- ကလေးလုပ်သားအဖြစ် ခိုင်းစေခြင်း
- ကလေးပျောက်ဆုံးနေခြင်း
- အုပ်ထိန်းသူမဲ့နေခြင်း(သို့မဟုတ်)မိသားစုနှင့်ကွဲကွာနေခြင်း

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဖြစ်ရပ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို သတင်းပို့တိုင်ကြားနိုင်သော ဝက်ဘ်ဆိုက်......

**http://childhotline.dsw.gov.mm/**



ထိုဝက်ဘ်ဆိုက်မှတဆင့် **Child Hotline** မိုဘိုင်းဖုန်းအပလီကေးရှင်းကို မိမိ၏ဖုန်းအတွင်းသို့ ရယူနိုင်ပါသည်။




ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များတွင် ကျူးလွန်ခံရသူ နှင့် ကျူးလွန်သူ၏ ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို မသိရှိလျှင် အမြန်တိုင်ကြားရန် အသုံးပြုနိုင်ပြီး သိရှိပါက အသေးစိတ် တိုင်ကြားရန်ကို အသုံးပြုကာ သတင်းပို့တိုင်ကြားနိုင်ပါသည်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များ မသိရလျှင် အမြန်တိုင်ကြားရန် စနစ်ကို အသုံးပြု၍ သတင်းပို့ တိုင်ကြားချက်များကို ပေးပို့နိုင်ပါသည်။ သတင်းပို့ တိုင်ကြားချက် ပေးပို့ရန်အတွက် သတင်းပို့ တိုင်ကြားချက် ပို့ပေးသူ၏ အမည် ၊ ဆက်သွယ်ရန် ဖုန်းနံပါတ် နှင့် လိပ်စာကို မဖြစ်မနေ ဖြည့်သွင်းရမည်ဖြစ်သည်။ တိုင်ကြားချက်များကို အသံဖမ်းယူမှုပြုလုပ်ပြီးလည်း ပေးပို့နိုင်သည်။ သက်သေအထောက်အထားအနေဖြင့် ဓာတ်ပုံနှင့် ဗွီဒီယိုတို့ကို ပူးတွဲပေးပို့နိုင်သည်။ ထို့အပြင် မိမိ ဖော်ပြလိုသည့် အကြောင်းအရာကို စာရွက်ပေါ်တွင် ရေးသားပြီး ထိုစာကို ဓာတ်ပုံရိုက်ယူကာ တိုင်ကြားစာအဖြစ် ပေးပို့နိုင်ပါသည်။




ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များသိရလျှင် အသေးစိတ်တိုင်ကြားရန်စနစ်ကို ရွေးချယ်၍ သတင်းပို့တိုင်ကြားချက်များ ပေးပို့နိုင်ပါသည်။ သတင်းပို့တိုင်ကြားချက်များ ပေးပို့ရန်အတွက် သတင်းပို့တိုင်ကြားချက်ပေးပို့သူ၏အမည်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်(တစ်ခုအနည်းဆုံး) နှင့် လိပ်စာကို မဖြစ်မနေဖြည့်သွင်းရမည်ဖြစ်ပါသည်။ သက်သေအထောက်အထားအနေဖြင့် ဓာတ်ပုံနှင့်ဗွီဒီယိုတို့ကို ပူးတွဲပေးပို့နိုင်သည်။




ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဖြစ်ရပ်များနှင့် ပတ်သက်သည်များကို အကူအညီ ပေးအပ်လိုသူများ အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန သို့ အကူအညီပေးအပ်လိုလျှင် အကူအညီပေးအပ်ရန် နေရာတွင် လိုအပ်သည့်အချက်အလက်များ ဖြည့်သွင်းကာ ပေးပို့ရမည်ဖြစ်ပါသည်။




မိုဘိုင်းလ်ဖုန်း အပလီကေးရှင်း၏ အထက်ဘက် ဘယ်ဘက်ထောင့်ရှိ မီနူး(အဖြူရောင်အတန်း ၃ ခု)ကို နှိပ်လျှင် မိုဘိုင်းလ်ဖုန်းအပလီကေးရှင်းပါ အခြားလုပ်ဆောင်ချက်များ မီးနူးကို တွေ့မြင်ရမည်ဖြစ်သည်။




ဆက်သွယ်ရန်ကို နှိပ်လျှင် ဖောင်ပုံစံ တစ်ခုကို မြင်တွေ့ရမည်ဖြစ်ပြီး ထိုဖောင်ကို အသုံးပြု၍ ဝက်ဘ်ဆိုက် စီမံခန့်ခွဲသူများနှင့် ဆက်သွယ်နိုင်ပါသည်။






အွန်လိုင်းမှ တဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဖြစ်ရပ် အစီရင်ခံခြင်းစနစ်၏ အဓိက ရည်ရွယ်ချက်မှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များဖြစ်ပေါ်လာပါက ရပ်ကွက်၊ ကျေးရွာများမှမြို့နယ်အဆင့်ထိ မိုဘိုင်းလ်ဖုန်း အပလီကေးရှင်းကိုအသုံးပြု၍ အလွယ်တကူသတင်းပို့ တိုင်ကြားနိုင်ရန်နှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ် စီမံခန့်ခွဲမှု အချက်အလက်များ၊အခြေအနေများကို စောင့်ကြည့်လေ့လာနိုင်ပြီး လိုအပ်သော ပံ့ပိုးမှုများကို ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ -----

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ ကလေးသူငယ်များအား မတော်မတရားပြုမူခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့မှ ကြိုတင်ကာကွယ်ခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြစ်သည်။